


"အများသူငါ မိုးခါးရေသောက်နေလို့ ကိုယ်ကလဲ မိုးခါးရေကို မြိန်မြိန်ကြီး သောက်လိုက်မယ် ဆိုပါလျှင်"

## ဓမ္မသင်တန်း အမှတ် {၁၉}

၁၄.၀၆.၂၀၁၁- ဒီတစ်ပတ် စနေမှာ သင်တန်းသူ-သင်တန်းသား (၁၁)ယောက် တက်ကြပါတယ်။ ပြီးခဲ့သော အပတ်နဲ့ တစ်ဆက်တည်း ဂိပတ္တိတရား လေးပါးကို ရှင်းပြပေးပါတယ်။ ဂိပတ္တိတရား လေးပါးက ကမ္ဘာလောကရှိ သက်ရှိသတ္တဝါ အားလုံးတို့နှင့် သက်ဆိုင်နေပါသတဲ့၊ ဂိပတ္တိတရား လေးပါးကြောင့်သာ ဆိုးယုတ်လှတဲ့ ဘဝတွေမှာ ကျင်လည် သွားရောက်ကြရတာကို ထင်ထင်ရှားရှား သဘောပါအောင် ဆရာတော်က ရှင်းပြပေးပါတယ်။

ရှေးဦးစွာ ဂိပတ္တိတရား လေးပါးကို သရုပ်ခွဲပြီး မှတ်ကြရအောင်ပါ... (၁) ဂတိ ဂိပတ္တိ။ (၂) ကာလ ဂိပတ္တိ။ (၃) ပယောဂ ဂိပတ္တိ။ (၄) ဥပဓိ ဂိပတ္တိ. လို့ လေးမျိုးရှိပါတယ်။

ဂိပတ္တိ-ဆိုတာ ဖောက်ပြန် ပြောင်းလဲတာ ပျက်စီးတာကို ခေါ်ပါတယ်၊ ဖြစ်သင့် ဖြစ်ထိုက်တာ မဖြစ်ကြပဲ၊ မဖြစ်သင့် မဖြစ်ထိုက်တာတွေ ဖြစ်နေတာကို၊ ဖောက်ပြန်တယ် ပြောင်းလဲတယ်လို့ မှတ်ဆိုရပါမယ်။ အဲဒီနောက် ဂိပတ္တိရဲ့ ရှေ့မှ လေးမျိုးဖြစ်တဲ့- ဂတိ, ကာလ, ပယောဂ, ဥပဓိ, လေးမျိုးတို့ကို ပြောရလျှင်- ဂတိ-ဆိုတာ ရှေ့သွားရောက်ရမည့် ဘဝ-ကို ဆိုလိုတာပါ။ ကာလ-ဆိုတာ လက်ရှိဘဝနဲ့ဆိုင်တဲ့ အချိန်-အခါကို ဆိုလိုတာပါ။ ပယောဂ-ဆိုတာ လက်ရှိရနေ ရောက်နေကြတဲ့ ဘဝမှာ၊ ကိုယ်, နှုတ်, စိတ်, သုံးပါးနဲ့ လုပ်ဆောင်မှု ယှဉ်စပ်မှုကို ဆိုလိုတာပါ။ ဥပဓိ-ဆိုတာ ဘဝတိုင်းမှာ ရရှိတဲ့ ရုပ်ဆင်းအင်္ဂါ လက္ခဏာကို ဆိုလိုတာပဲ ဖြစ်ပါတယ်။

(၁) ဂတိ. ဂိပတ္တိ၊ ငရဲ, တိရိစ္ဆာန်, ပြိတ္တာ, အသူရကာယ်, ဘဝတစ်ခုခု ရောက်သွားပြီးတော့၊ ဘဝ-ဂတိ ဖောက်ပြန်ပျက်စီးခြင်း။
(၂) ကာလ. ဂိပတ္တိ၊ မင်းဆိုး- မင်းညစ်တို့သည် အုပ်စိုးသဖြင့် ပြည်သူလူထု ကိုယ့်ကျင့်တရား ပျက်စီး၍ ဖောက်ပြန်ပျက်စီးခြင်း။
(၃) ပယောဂ. ဂိပတ္တိ၊ ကိုယ် နှုတ် စိတ် သုံးပါးတို့ဖြင့် ပြုလုပ်သင့်သည်တို့ကို မပြုလုပ်၊ မပြုလုပ်သင့်သော

မကောင်းမှုတို့ကို၊-ဉာဏ်မဲ့စွာ-ပြုလုပ်လျှက်၊-ဖောက်ပြန်ပျက်စီးခြင်း။

(၄) ဥပဓိ. ဂိပတ္တိ၊ ထို. မကောင်းမှုတို့ကြောင့် ရောက်ရာဘဝတို့၌ ကိုယ်အင်္ဂါ ချွတ်ယွင်း၍ မွေးဖွားလာရလျှက် ဖောက်ပြန်ပျက်စီးခြင်း။ ဒီလေးမျိုးလုံးက ကောင်းသောလက္ခဏာ အမှတ်အသား တစ်ခုမျှ မပါပါဘူး၊ မကောင်းသော သဘောတွေသာ ပါတာဖြစ်လို့ ဆုတောင်းခန်းမှာ ဂိပတ္တိတရား လေးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းရ ပါလို၏. တဲ့။

(၁) ဂတိ ဂိပတ္တိ(၂) ကာလ ဂိပတ္တိ။ (၃) ပယောဂ ဂိပတ္တိ။ (၄) ဥပဓိ ဂိပတ္တိ. လေးမျိုးထဲမှာ အကြောင်းတရား နှစ်ပါးနဲ့ အကျိုးတရားနှစ်ပါး ပါရှိနေပါတယ်။ ပြီးခဲ့သော စနေက ပြောပြခဲ့ဘူးတဲ့ အကြောင်းကြောင့် အကျိုးဖြစ်ပုံကို အမှတ်ရစေချင်ပါတယ်။ ဒိဋ္ဌိဗျာသန ဖြစ်နေရင် ယခု ပြောနေတဲ့ အကြောင်းကြောင့် အကျိုးဖြစ်ပုံကို လက်ခံနိုင်ဖွယ် ရှိမယ်မဟုတ်ပါဘူး၊ ဒိဋ္ဌိဗျာသနကင်းလို့ သမ္မာဒိဋ္ဌိ အမြင်မှန် ရနေ-ဖြစ်နေကြမှသာ အကြောင်းအကျိုး ဆက်စပ်ပုံကို လက်ခံနိုင်မှာပါ။ သက်ရှိပဲဖြစ်စေ၊ သက်မဲ့ပဲ ဖြစ်ပါစေ၊ မျိုးဗီဇ-အကြောင်းတရား ရှိကြမှ ဖြစ်ပေါ်ရှင်သန်မှု အကျိုးစုတရား ရှိကြမယ် မဟုတ်ပါလား၊ ဖြစ်ပေါ်ရှင်သန်မှုတို့၏ အကြောင်းဆက်သည် ရှေ့ရှေ့က မရှိခဲ့ပါမူ၊ ကမ္ဘာရေမြေနှင့် သက်ရှိသတ္တဝါတွေ ဖြစ်ထွန်း ပေါ်ပေါက်လာစရာ မရှိပါဘူး။ အကြောင်းမဲ့ ဂါဒတွေဟာ ဒိဋ္ဌိဗျာသနတွေချည့်သာ ဖြစ်ကြပါတယ်။ ကိုယ် ကိုးကွယ်နေတဲ့ ဗုဒ္ဓဘာသာနဲ့ ကိုယ့်ဂါဒကမှ မှန်နေတယ်လို့ အလံထူနေတာတော့ မဟုတ်ပါဘူး၊ လက်တွေ့ကျကျ စဉ်းစားဝေဖန်ပြီး အမှန်ကို ရှာဖွေနိုင်ကြဖို့ကိုသာ ပြောပြပေးတာပါ။ ဒိဋ္ဌိဗျာသန ကင်းကင်းနဲ့ အမြင်ရှင်းရင်တော့ ဒီကနေ့ ပြောပြတဲ့ ဂိပတ္တိတရား လေးပါးက လက်ရှိဘဝအတွက် တန်ဖိုးဖြတ်လို့ မရတဲ့ ရတနာတစ်ပါးလို့ နားလည်ကြမှာ အသေအချာပါပဲ။

(၁) ဂတိ.ဂိပ္ပတ္တိဆိုတဲ့ အပါယ်လေးပါး တစ်ပါးပါးကို ရောက်သွားတာ အကြောင်းတရား ရှိနေပါတယ်၊ ကောင်းသော အကြောင်းတရားလား၊ မကောင်းသော အကြောင်းတရားလား ဆိုတာကိုတော့ စဉ်းစားရင် သိနိုင်ပါမယ်။ အဘယ်သို့သော ဂိပတ္တိတရားကြောင့် အပါယ်ကို ရောက်ကြရပါသလဲ… အဖြေရှာကြည့် ပေးကြပါ။

(၄) ဥပဓိ.ဂိပတ္တိခေါ်တဲ့ ရောက်ရာဘဝတို့၌ မျက်စိကန်း, နားကန်း, ဆွံ့အ, ခြေပြတ်, လက်ပြတ်, ကိုယ်အင်္ဂါ ချွတ်ယွင်းလျှက် မွေးဖွားဖောက်ပြန် လာကြတာကလဲ ကောင်းသော အကြောင်းတရား ကြောင့်လား၊ မကောင်းသော အကြောင်းတရား ကြောင့်လား၊ အဘယ်သို့သော ဂိပတ္တိတရားကြောင့် ဒီဘဝ ဒီအခြေ အနေမျိုးကို ရောက်ကြရပါသလဲ… အဖြေရှာကြည့် ပေးကြပါ။

အဖြေမှန်ကတော့ (၂)(၃) ဖြစ်တဲ့ ကာလ.ဂိပတ္တိ, ပယောဂ.ဂိပ္ပတ္တိ, တို့ပါပဲ။ ဒီနှစ်ပါးကြောင့် မျက်မှောက်ဘဝမှာ တွေ့နေကြရတဲ့ အပါယ်သတ္တဝါ အကြီးအငယ်တွေ၊ လူဖြစ်သော်လဲ ကိုယ်အင်္ဂါ ချွတ်ယွင်းပြီး မွေးဖွားဖြစ်ပေါ် လာကြတာပဲပေါ့။ ကာလ.ဂိပ္ပတ္တိဖြစ်တဲ့ ခေတ်ဆိုး ခေတ်ကြတ် ကြုံနေကြသည့် အခိုက်မှာ အများသူငါ မိုးခါးရေသောက်နေလို့ ကိုယ်ကလဲ မိုးခါးရေကို မြိန်မြိန်ကြီး သောက်လိုက်မယ် ဆိုပါလျှင်တော့၊ ပယောဂ.ဂိပတ္တိဖြစ်လို့ နောင်ဖြစ်ရမည့် ဘဝတွေမှာ၊ ဂတိ.ဂိပတ္တိ ဖြစ်နိုင်သလို၊ ဥပဓိ.ဂိပတ္တိလဲ ဖြစ်နိုင်တဲ့အတွက် သတိရှိကြရပါမယ်။

အပါယ်ဘုံ အပါယ်ဘဝတို့မှ လွတ်မြောက်လို့၊ လူ, နတ်, စတဲ့ ဘဝကောင်းတွေမှာ ရောက်နေကြလျှင်တော့၊ ဂတိ.ဂိပတ္တိမှ လွတ်မြောက်ပြီး၊ ဂတိ.သမ္ပတ္တိ ဖြစ်တယ်လို့ ခေါ်ရပါတယ်။ ကိုယ်နေတဲ့ တိုင်းပြည်မှာ မင်းကောင်း မင်းမြတ်တွေ အုပ်စိုးလို့ အစာရေစာပေါများ စီးပွားဥစ္စာတိုးတက် ပြည်သူအများ ချမ်းသာပျော်ရွှင် နေကြလျှင် ကာလ.ဂိပတ္တိမှ လွတ်မြောက်ပြီး ကာလ.သမ္ပတ္တိ ဖြစ်တယ်လို့ ခေါ်ရမယ်။ လက်ရှိဘဝမှာ သူတော်ကောင်းတရား ကျင့်သုံးပြီး ကိုယ်နှုတ်စိတ်သုံးပါး မမှားအောင် ဥစ္စာစီးပွားရှာကြ အသက်မွေးမှု သမ္မာအာဇီဝ ဖြစ်ကြပါလျှင် ပယောဂ.ဂိပတ္တိမှ လွတ်မြောက်လို့ ပယောဂ.သမ္ပတ္တိ ဖြစ်ပါတယ်။ ရရှိနေတဲ့ ဘဝမှာ ခြေလက်အင်္ဂါ မဖောက်မပြန် ပုံမှန်ဖြစ်ပြီး မဆွံ့-မအ မွေးဖွားလာကြလျှင်တော့ ဥပဓိ.ဂိပတ္တိမှ လွတ်မြောက်လျက် လူချောလူလှဘဝနဲ့ ဥပဓိ.သမ္ပတ္တိ ဖြစ်တယ်လို့ ပြောဆိုရမှာပါ။ လူဘဝလဲရ၊ ခြေလက်-အင်္ဂါလဲပြည့်စုံ၊ လူမှုဘဝ ဖူလုံချမ်းသာကြပေမဲ့ ပယောဂ.ဂိပတ္တိ ဖြစ်နေကြသူတွေ သတိချပ် သိမှတ်နိုင်စေဖို့ကို.. ဒု, သ, န, သော, ဆိုတဲ့ သံဝေဂ ဖြစ်စရာ တရားတစ်ပုဒ် ထည့်ပေးလိုက်ရဦးမယ်။

ကဿပဘုရားရှင် သာသနာ ပွင့်လင်းလို့ တရားမိုးတွေ ရွာနေတဲ့ ရှေးလက်ထက်တော် အခါတုန်းက၊ ဗာရဏသီပြည်မှာ ချမ်းသာကြွယ်ဝတဲ့ သူဌေးသား လေးယောက် ရှိခဲ့ဘူးပါတယ်။ သွားအတူ လာအတူ ပျော်ပါးအတူ စီးပွားရေးအတူ ဖြစ်ကြတာမို့၊ အလွန်ပင် ချစ်ခင်ကြပါသတဲ့။ ကဿပဘုရားရှင် သာသနာ ပွင့်ထွန်းနေဆဲ ကာလဖြစ်လို့ မြို့သူမြို့သား များစွာတို့က၊ ဘုရားဖူး တရားနာ၊ ဒါနပြု သီလတရား ဆောက်တည်ခြင်းနဲ့ ကုသိုလ်တွေ ပြုလုပ်နေကြတာကို သူဌေးသား လေးယောက်က တွေ့နေရတော့၊ တနေ့မှာ သူဌေးသား တစ်ယောက်က၊ သူ့မိတ်ဆွေများကို ပြောလိုက်ပါတယ်။

သူငယ်ချင်းတို့ တို့မှာ ဥစ္စာပစ္စည်း များစွာရှိကြပါတယ်၊ ရှာဖွေထားသော ဥစ္စာပစ္စည်းများကို ဘယ်လို အသုံးပြုကြမှာလဲ၊ အသုံးမပြုပဲ နေကြပါလျှင် လူဖြစ်ရကျိုး နပ်မည်မဟုတ်ပေ၊ ထို့ကြောင့် တစ်ခုခု ပြုလုပ်နိုင်ကြရန် စဉ်းစားပေးကြပါ၊ အကျိုးရှိမည်ဟု ထင်သည်ကို အကြံပြုပေးစေ လိုပါသည်လို့ မိတ်ဆွေများ၏ ဆန္ဒကို တောင်းခံပါတယ်။ ဘုရားထံသွားမည်၊ တရားနာမည်၊ သီလစောင့်မည်၊ ကျောင်းဆောက်မည်၊ ရှင်ပြုမည်၊ ရဟန်းခံမည်၊ အလှူကောင်းမှု ပြုလုပ်မည်၊ ဆင်းရဲသားများကို ကူညီစောင့်ရှောက်မည်ဟု၊ မစဉ်းစားမိ။ အများပြည်သူ ပြည်သားများ ပြုလုပ်နေကြသလို၊ ကောင်းမှုကုသိုလ်များကို နှလုံးသွင်းနိုင်ခြင်း မရှိကြပဲ၊ ဟုတ်တာပေါ့၊ တို့များတစ်ခုခု ပြုလုပ်ကြမှ သင့်ပါမည်၊ အမဲ. သားငါး များကို စီမံချက်ပြုတ်လို့ အလွန်ထက်သော အရက်သေစာတို့နှင့် နေ့စဉ်မှီဝဲ နေရပါက အသက်ရှည်ရကျိုး နပ်ပါလိမ့်မည်၊ လူဘဝ နေရတာ ကောင်းပါလိမ့်မည်လို့ ငါထင်သည်ဟု၊ တစ်ယောက်သော သူဌေးသားက အကြံပြု ပေးလိုက်ပါတယ်။ နောက်- တစ်ယောက်က ငွေါအထင်တော့ ထမင်းကောင်း ဟင်းကောင်းများစွာ နေစဉ်ချက်ပြုတ် စီမံလို့ စားသောက်နေရပါလျှင် ကောင်းပါလိမ့်မည်တဲ့။ နောက်- တစ်ယောက်ကတော့ မစားဘူးသေးသော အစားအစာများ မရှိရလေအောင် မုန့်အမျိုးမျိုးကို များစွာပြုလုပ် စားသောက်နေရပါလျှင် ကောင်းပါလိမ့်မည်တဲ့။ နောက်သူဌေးသား တစ်ယောက်က သူငယ်ချင်းတို့ ဥစ္စာကို အလိုမရှိသော အမျိုးသမီးတို့မည်သည် လောက၌မရှိ၊ ထို့ကြောင့်

အိမ်ထောင်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ဥစ္စာပေး၍ ပါရ-ဒါရိကအမှု ပြုလျှက် ပျော်ကြရပါမူ အလွန်ပင် သင့်မြတ် ပါလိမ့်မည်လို့ အကြံပြုပေးသတဲ့။

ဥစ္စာလွန်တော့ ရာဂ-ဆိုတဲ့စကားသည် မှန်ကန်လှပါတယ်၊ လူသတ္တဝါတွေဟာ များသောအားဖြင့် ချမ်းသာလာလျှင် မကောင်းတာကို အရင်တွေးတတ် စဉ်းစားတတ်ကြပါတယ်။ ထိုစရိုက် ထိုသဘောကြောင့်၊ သူဌေးသား လေးယောက်တို့သည် အသွင်တူညီလျှက် မကောင်းမှုများကို စဉ်းစား၊ မကောင်းသော အကြံအစီတို့နှင့်အတူ လူ့ဘဝ သက်တန်းနှစ်သောင်း အတွင်းမှာ ကံသုံးပါး အမှားများစွာကိုသာ ပြုလုပ်လျှက် သေလွန်သည်၏ နောက်ဝယ်၊ သက်တမ်း(၅ဂဂ) ရှည်ကြာတဲ့ လောဟကုမ္ဘီခေါ်သော သံရေပူ ငရဲမှာ ကျရောက်ကြပါတယ်။ ထိုငရဲ၏ သက်တမ်း နှစ်(၅ဂဂ)သည်၊ လူသက်တမ်း ကိုးသန်းပြည့်မှ တစ်ရက်ပဲ ရှိပါသေးတယ်၊ ထိုနှစ်(၅ဂဂ)ကို လူသက်တမ်းနဲ့ ရေတွက်ပါလျှင်၊ ကုဋေပေါင်း တစ်သိန်းခြောက်သောင်း နှစ်ထောင် ကြာရှည်လှပါတယ်။

ဂေါတမဘုရားရှင် ပွင့်တော်မူလာလို့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သတင်းသုံးတော်မူစဉ်... ဒု, သ, န, သော, လို့၊ ထိတ်လန့်စွာ အော်ဟစ်လိုက်တဲ့ အသံကြီး လေးလုံးကို ပသေနဒီ ကောသလမင်းကြီး တစ်နေ့ည သန်းခေါင်ယံမှာ ကြားလိုက်ရပါတယ်။ နောက်နေ့ရောက်သော် အကြောင်းအကျိုးကို မြတ်စွာဘုရားရှင်အား လျှောက်ထားပါတယ်။ ထိုအခါ ဘုရားရှင်က သင်မင်းကြီးအတွက်လဲ ထိတ်လန့်စရာမလို၊ ပြည်သူပြည်သားများလဲ ကြောက်လန့်ဖွယ် ဖြစ်စရာမရှိပါ။ အကြောင်းသော်ကား.. ကဿပ ဘုရားရှင်လက်ထက်က သူဌေးသား လေးယောက်တို့သည် လောဟကုမ္ဘီ သံရေပူငရဲမှ အော်လိုက်တဲ့ အသံများသာ ဖြစ်ပါတယ်လို့. ဒု, သ, န, သော, ဆိုတဲ့ စကားလေးလုံး၏ အဓိပ္ပါယ်ကို အကျယ်ဖွင့်ပြီး ဟောပြပေးတော် မူပါတယ်။

ငရဲမှာ ကျရောက်နေတဲ့ သူဌေးသား လေးယောက်တို့သည် နှစ်ပေါင်း ခြောက်သောင်းပြည့်လို့ သံရေပြင်ပေါ်မှာ ခေါင်းပေါ်လာတာနဲ့ တစ်ဦးကိုတစ်ဦး တွေ့ကြရတယ်၊ အဲဒီအချိန်ကလေး အတွင်းမှာ- ဒု. ဆိုတဲ့စကားကို သူဌေးသား တစ်ယောက်က အော်တယ်၊ သ.ဆိုတဲ့စကားကို တစ်ယောက်၊ န.ဆိုတဲ့စကားကို တစ်ယောက်၊ သော.ဆိုတဲ့စကားကို တစ်ယောက်က အော်လိုက်တာပါ၊ ပြောလိုတဲ့စကားကို အကုန်မပြောနိုင်ကြပဲ သူတို့ပြုထားခဲ့တဲ့ အကုသိုလ်များက အချိန်ကြာကြာ ပေါ်ခွင့်မပေးခဲ့သလို ပြောခွင့်လဲ မပေးခဲ့ပါဘူး၊ တစ်ယောက်ကို တစ်လုံးစီသာ အော်နိုင်ပြောနိုင်ပြီး မြုတ်သွားကြပါတယ်။

ဒု.ဆိုတဲ့ စကား၏ အဓိပ္ပါယ်ကို မြတ်စွာဘုရားရှင် ဟောပြတာက၊ အို... သူငယ်ချင်းတို့ လူဖြစ်စဉ်က ဥစ္စာပစ္စည်း ရှိပါလျက် မပေးမလှူ မိခဲ့ကြ၊ သံသရာအတွက် မှီခိုရာ ကုသိုလ်တည်းဟူသော ကျွန်းကို တို့မပြုမိခဲ့ကြပါ၊ မကောင်းမှုများကိုသာ ပြု၍လာခဲ့ကြပေသည်. လို့ ဆိုလိုတာပါ။

သ.ဆိုတဲ့ စကား၏ အဓိပ္ပါယ်က၊ အို... သူငယ်ချင်းတို့ လောဟကုမ္ဘီ သံရေပူ ငရဲမှာ ကျရောက်နေတဲ့ ငါတို့သည်၊ နှစ်ပေါင်းအားဖြင့် ခြောက်သောင်း ရှိခဲ့လေပြီ၊ ဘယ်သောအခါများ ဤငရဲမှ လွတ်မြောက်ကြမှာလဲ. လို့ ဆိုလိုတာပါ။

န.ဆိုတဲ့ စကား၏ အဓိပ္ပါယ်က၊ အို… သူငယ်ချင်းတို့ လောဟကုမ္ဘီ သံရေပူပွက်ဆိုး ဤငရဲအိုးမှ လွတ်မြောက်ဖွယ်ကား တို့အတွက် မရှိတော့ပါ၊ ယခု ငါပြောခဲ့သော စကားသည်မှန်၏၊ အဘယ်ကြောင့်ဆိုသော် ငါသည်၎င်း၊ သင်တို့သည်၎င်း၊ လူဖြစ်ကြစဉ်က ကောင်းမှုကို မပြုမိခဲ့ကြ၊ မကောင်းမှုကိုသာ ပြုမှားခဲ့ကြလေပြီ.လို့ ဆိုလိုတာပါ။

သော.ဆိုတဲ့ စကား၏ အဓိပ္ပါယ်က၊ အို.. သူငယ်ချင်းတို့၊ ငါသည်ကား အကယ်၍များသာ ဤငရဲမှ လွတ်မြောက်ပြီး လူ့ဘဝကို ပြန်ရခဲ့သော်. ကောင်းမြတ်သော တရားစကားကို နာကြားနိုင်သူဖြစ်၍၊ သီလတရားကို ကျင့်သုံးနိုင်သူဖြစ်၍၊ မပြဲဘူးသော ကုသိုလ်များ မရှိရလေအောင် များစွာသော ကုသိုလ်တို့ကို ပြုလုပ်ပါတော့မည်.လို့ သံဝေဂ စကားကို ဆိုလိုတာပါ။

စဉ်းစားကြစေလိုပါတယ်၊ သူဌေးသား လေးယောက်တို့မှာတော့ ငရဲရောက်မှ သံဝေဂ ဖြစ်နေကြပါပြီ။ ဆင်းရဲလေမှ သံဝေရ- မဖြစ်ကြရအောင် လူ့ဘဝလဲရ၊ ခြေလက်- အင်္ဂါလဲပြည့်စုံ၊ လူမှုဘဝ ဖူလုံချမ်းသာ နေကြတဲ့၊ ဗုဒ္ဓုပ္ပါဒ နဝမ အချိန်ကောင်း အခါကောင်း၌၊ လောကကြီး၌ မင်းဆိုး- မင်းညစ်တို့သည် အုပ်စိုးသဖြင့် ပြည်သူလူထု ကိုယ့်ကျင့်တရားပျက်စီး၍ ကာလ.ဂိပတ္တိ ဖြစ်နေစေကာမူ၊ မိမိကိုယ်ကို ကံငါးပါး လုံအောင်ထိမ်းပြီး ပယောဂ.သမ္ပတ္တိ ဖြစ်အောင် ကြိုးစားကြပါလို့ သတိချပ် သိမှတ်နိုင်ကြစေဖို့ ဤဇာတ်တော်ဖြင့် တိုက်တွန်း ပေးလိုက်ပါတယ်။

သတ္တဝါမှန်သရွေ့ တရားတွေ့ ချမ်းမြေ့သာယာ ရှိကြပါစေ။

လေးစားစွာဖြင့်… ကျနော် ဘုန်းသျှံ

၀၉- ၀၆- ၂၀၁၁။